# ပိုးသတ်ဆေးများနှင့်ပတ်ဝန်းကျင်ညစ်ညမ်းခြင်း

ပါမောက္ခကျော်မြင့်ဦး
ပါမောက္ခချုပ်
ဒဂုံတက္ကသိုလ်

ပြည်ထောင်စု မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည့် အားလျော်စွာ စပါး၊မြေပဲ၊ဂျုံ၊ပြောင်းဖူး၊ဝါ၊ကြံ၊ဂုံလျှော် စသည့် အရေးကြီးသော သီးနှံများတွင်ကျရောက်သော အဖျက်ပိုးမွှားများကို ကာကွယ်ရန်အတွက် ပိုးသတ်ဆေးများကို နှစ်စဉ်တိုးတက် သုံးစွဲလျက်ရှိပါသည်။ ပိုးသတ်ဆေးများ သုံးစွဲခြင်းအားဖြင့် သီးနှံများအထွက်နှုန်းတိုးတက်သည့်အကျိုးကျေးဇူးများရရှိသကဲ့သို့ အခြားတစ်ဖက်မှာလည်းငင်းတို့သည် လူနှင့်လူ့ပတ်ဝန်းကျင်ရှိ လူ့မိတ်ဆွေပိုးများ၊ငှက်များ၊အင်အိုင်ချောင်းမြောင်းထဲရှိ ငါးများကို အဆိပ်သင့်စေကာ ဆိုးကျိုးများကိုလည်း ဖြစ်ပေါ်စေပြန်ပါသည်။

## ပိုးသတ်ဆေးများကြောင့် မြစ်ချောင်းအင်းအိုင်ရေများညစ်ညမ်းခြင်း

ချောင်းရိုးမြစ်ရိုးတစ်လျှောက် စီးဆင်းနေသော ရေများ၊ ရေသွင်းသောလယ်မြေများမှ တာတမံများအတွင်း ပြန်လည်စီးဝင်သော ရေများတွင်ပိုးသတ်ဆေးများဖြင့် ညစ်ညမ်းစေပါက ငါးများကို ထိခိုက် ပျက်စီးစေပါသည်။ သည်းထန်စွာ ရွာသွန်းသော မိုးရေများသည် ပိုးသတ်ဆေး ဖျန်းပြီးစ လယ်ကွက်များကို ဖြတ်ခါ ချောင်းများ အင်းအိုင်များထဲသို့ ရောက်ရှိသွားခြင်းဖြင့် ပတ်ဝန်းကျင် ရေထုကို ညစ်ညမ်းစေပါသည်။ ပိုးသတ်ဆေးအကြွင်းအကျန်များရှိသော မြေကိုမြစ်ရေတိုက်စားခြင်းဖြင့် မြစ်ရေညစ်ညမ်းစေပါသည်။ ထိုသို့ ရေထုညစ်ညမ်းခြင်းအားဖြင့် ငါးများကို ပျက်စီးဆုံးရှုံးစေပါသည်။

## ပိုးသတ်ဆေးများကြောင့် ငါးများ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများပျက်စီးစေခြင်း

ငါးများသည် ပါးဟက်နှင့် အသက်ရှုရသဖြင့် ရေထဲ၌ပျော်ဝင်နေသော ပိုးသတ်ဆေးများသည် ပါးဟက်များကို ပျက်စီးစေပါသည်။ ငင်းအပြင် အသည်းကို ပြင်းထန်စွာ ထိခိုက်စေကာ အသည်းများ အရွယ်အစားအကြီးမားလာပြီး အသည်းဆဲလ်များကို ပျက်စီးစေပါသည်။ ပိုးသတ်ဆေးများသည် ငါးတို့၏ သွေးဆဲလ်များ၊ ကျောက်ကပ်များနှင့် ဗဟိုအာရုံကြော အဖွဲ့ကိုပါ ထိခိုက်ပျက်စီးစေပါသည်။

## ငါးများ၏ မျိုးပွားနိုင်စွမ်းကို ထိခိုက်စေခြင်း

ပိုးသတ်ဆေးများကို ရေထုထဲ၌ ရှိနေခြင်းကြောင့် ငါးများ၏ ဥဥနှုန်း ကျဆင်းလာခြင်း၊ ဥမှ အကောင်ပေါက်နှုန်း လျော့ကျ လာခြင်း စသည့်ဆိုးကျိုးများဖြစ်ပေါ်စေပါသည်။ ငင်းအပြင်ဥမှ ပေါက်ဖွားလာသော ငါးပေါက်စများ၏ အသက်ရှင်သန်နိုင်မှုနှုန်းကိုလည်း ကျဆင်းစေပါသည်။

## ပတ်ဝန်းကျင်ရှိ အခြားသက်ရှိသတ္တဝါများကို ပျက်စီးစေခြင်း

ရေထုထဲရှိ ပိုးသတ်ဆေးများသည် သတ္တဝါ မျိုးစိတ် တစ်ခုမှ တစ်ခုသို့ အဆင့်ဆင့် အစာကွင်းဆက်များဖြင့် ရောက်ရှိသွားပါသည်။ ဥပမာအားဖြင့် ဒီဒီတီ ပိုးသတ်ဆေး ပျော်ဝင်နေသော ရေထုထဲတွင် ရှိနေကြသော မျှောလေး (Plankton) များအတွင်း၌ စုရုံးရောက်ရှိနေသော ပိုးသတ်ဆေး ပမာဏသည် ရေထဲ၌ ပျော်ဝင်နေသော ပမာဏထက် ၂၆၅ ဆ ရှိကြောင်း တွေ့ရှိရပါသည်။ မျှောလေးများကို စားသုံးသောငါးများ၏ ခန္ဓာကိုယ်ထဲတွင်မူ ပိုးသတ်ဆေး အဆပေါင်း ၅၀၀ အထိ တိုးတက်စုဆောင်းရောက်ရှိသွားပြန်ပါသည်။ အဆိုပါငါးများကိုအသားစားငါးများက ထပ်မံစားသုံးခြင်းဖြင့်

အသားစားငါးများ၏ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေး ၈၅၀၀ ဆ ရောက်ရှိသွားပြန်ပါသည်။ ထို့အတူ ငှက်များက အဆိုပါ ငါးများကို စားသုံးခြင်းအားဖြင့် အသားစား ငှက်များ၏ခန္ဓာကိုယ်ထဲ၌ ပိုးသတ်ဆေး ၈၀၀၀၀ ဆ စုရုံးရောက်ရှိသွားပါသည်။ နောက်ဆုံး၌ အသားစား ငါးများနှင့် အသားစား ငှက်များ၏ ခန္ဓာကိုယ်ထဲ စုရုံးရောက်ရှိသွားသော ပိုးသတ်ဆေးပမာဏမှာ အလွန်ကြီးမားသဖြင့်၎င်းတို့အား သေဆုံးစေပါသည်။

အလားတူပင် မြေကြီးပေါ်ရှိ သီးနှံပင်များကို ပက်ဖျန်းသော ပိုးသတ်ဆေးများသည်လည်း သီးနှံ အရွက်များတွင် စိမ့်ဝင်ရောက်ရှိသွားပြီး အဆိုပါ သစ်ရွက်များ ကြွေကျ၍ဆွေးမြည့်သွားသောအခါတီကောင်များက စားသုံးခြင်းဖြင့် တီကောင်များ၏ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးအဆိပ်များ ရောက်ရှိသွားပြန်ပါသည်။ အဆိုပါ တီကောင်များကို ငှက်များ စားသောက်သောအခါ ငှက်များ၏ ခန္ဓာကိုယ်ထဲသို့ ၎င်းတို့အားသေစေနိုင်သော ပိုးသတ်ဆေးပမာဏများ ရောက်ရှိသွားကာသေကြေပျက်စီးစေပါသည်။

## ပိုးသတ်ဆေးကြွင်း၏အန္တရာယ်

အင်ဒရင်းပိုးသတ်ဆေးသည် ပက်ဖျန်းပြီးနောက် တစ်လကြာသည်အထိ ရေထဲ၌ ဆေးကြွင်းများ ဆက်လက်တည်ရှိနေပါသည်။ ထိုအတူ ဒီဒီတီ ပိုးသတ်ဆေးသည် ပတ်ဝန်းကျင် ရေထုထဲ၌ တစ်လခွဲခန့်ထိ ဆေးကြွင်း အာနိသင်ရှိနေပါသည်။ သို့ဖြစ်ပါ၍ ရေထဲ၌ ရှိသော ရေသတ္တဝါများအားချက်ချင်းသေစေရုံသာမက အချိန်ကြာမြင့်စွာ တဖြည်းဖြည်းသေဆုံးစေနိုင်ပါသည်။ အင်ဒရင်း ပိုးသတ်ဆေးသည် ဟင်းသီးဟင်းရွက်များတွင် ၆လခန့် နှင့်ရေအောက်၌နွံထဲ၌နှစ်လခန့် ဆေးကြွင်းများ အာနိသင်ရှိပါသည်။ ပိုးသတ်ဆေးကြွင်းများသည် ရေထုထဲရှိ ငါးများ၏ အစားအစာများကို ပျက်စီးစေသောကြောင့် ငါးများကို အစာငတ်၍ သေဆုံးစေပါသည်။

## လူများ၏ကျန်းမာရေးကိုထိခိုက်စေခြင်း

ပိုးသတ်ဆေးကြွင်းများ ပါရှိသော ငါးနှင့် ဟင်းသီးဟင်းရွက် အသီးအနှံများကိုစားမိသော လူတို့၏ ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးအကြွင်းများရောက်ရှိသွားပါသည်။ ပိုးသတ်ဆေးများပါဝင်သော လေကိုရှူရှိုက်မိခြင်းဖြင့်လည်း လူ၏ ခန္ဓာကိုယ်ထဲသို့ ဆေးကြွင်းများ ရောက်ရှိနိုင်ပါသည်။ အထူးသဖြင့် ပိုးသတ်ဆေးများကို အများအပြား ကျယ်ပြန့်စွာ သုံးစွဲသော နိုင်ငံများရှိလူများ၏ ခန္ဓာကိုယ် အဆီတစ်သျှူးများထဲ၌ ဒီဒီတီပိုးသတ်ဆေးကြွင်းများစွာရှိနေကြောင်း မှတ်တမ်းများအရသိရှိရပါသည်။ ၎င်းပြင် အဆိုပါ ပိုးသတ်ဆေးကြွင်းများကို လူ၏အသည်း၊ မျိုးပွားအင်္ဂါ၊ ဦးနှောက်နှင့် သွေးများထဲ၌လည်း တွေ့ရှိနိုင်ပါသည်။

ပိုးသတ်ဆေးများ လူ၏ ခန္ဓာကိုယ်ထဲ ရောက်ရှိနေခြင်းကြောင့် မကြာခဏ ဖျားနာခြင်း ဖြစ်ပြီး နောက်ဆုံး၌ အသက်ဆုံးရှုံးသွားကြပါသည်။ကင်ဆာရောဂါနှင့် အသည်းရောဂါများဖြင့် သေဆုံးသူများ၏ခန္ဓာကိုယ် ကိုခွဲစိတ်လေ့လာသောအခါ ၎င်းတို့၏ အဆီတစ်သျှူးများထဲတွင် ဒီဒီတီ ပိုးသတ်ဆေးကြွင်းအမြောက်အမြားကို တွေ့ရှိရကြောင်း သိရှိရပါသည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အနေဖြင့်ပိုးသတ်ဆေးများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုကာကွယ်ရန်ဆောင်ရွက်ချက်များ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံအတွင်းသုံးစွဲခွင့်ပြုမည့် ပိုးသတ်ဆေးများ၏ ထိရောက်မှု ရှိခြင်း၊ လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အားအန္တရာယ်ရှိမှု နည်းစေရေးနှင့်ပိုးသတ်ဆေးစနစ်တကျ သုံးစွဲခြင်းများကို ကြီးကြပ်ခြင်းနှင့်မှတ်ပုံတင်ခြင်း ပြုလုပ်နိုင်ရန်ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ကို အစိုးရအဖွဲ့၏ အမိန့် ကြော်ငြာစာအမှတ် ၂/၉၂ဖြင့် ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ဖွဲ့စည်းပေးခဲ့ပါသည်။ စာရေးသူအားလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ပိုးသတ်ဆေးနည်းပညာရပ်ကော်မတီတွင် ကော်မတီဝင်တစ်ဦးအဖြစ် ဆောင်ရွက်ရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ပေးအပ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ စာရေးသူ အနေဖြင့် ပိုးသတ်ဆေးများ၏ ရေသတ္တဝါများအပေါ် အဆိပ်သင့်နိုင်စွမ်းများကို သုတေသနပြုလုပ်၍ သုတေသန တွေ့ရှိချက်များကို ပြည်ထောင်စုမြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ တင်ပြရခြင်းနှင့် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ ဖိတ်ကြားသော အစည်းအဝေးများသို့တက်ရောက်အကြံပြု ဆွေးနွေးခြင်းများကို ဆောင်ရွက်ရပါသည်။ စာရေးသူ၏ [illegible] အချက်အလက်အချို့ကို အောက်တွင် ဇယားဖြင့်ဖော်ပြအပ်ပါသည်။

| စဉ် | ပိုးသတ်ဆေးအမည် | ငါးများအပေါ် အဆိပ်သင့်မှု အမျိုးအစား | ရေထဲ၌ ဆေးကြွင်းအာနိသင် အချိန်ကာလ (ရက်) | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နို့တိုက်သတ္တဝါများအပေါ် ဘေးဥပါဒ်အန္တရာယ်ပေးမှု အတန်းအစား |
|---|---|---|---|---|
| ၁ | ဒီဒီတီ ၂၅ အီးစီ | အလွန်မြင့် | ၄၅ | ၂(အလယ်အလတ်) |
| ၂ | လင်ဒီန်အဲလ် ၂၀ | အလွန်မြင့် | ၃၄ | ၂(အလယ်အလတ်) |
| ၃ | အင်ဒရင်း ၁၉ အီးစီ | အလွန်မြင့် | ၂၈ | ၁(က)(အလွန်မြင့်) |
| ၄ | ဖူရာဒင် ၃ ဂျီ | အလယ်အလတ် | ၁၂ | ၂(အလယ်အလတ်) |
| ၅ | ဒိုင်မီခရွန် ၅၀ အီးစီ | အလွန်နည်း | ၁၁ | ၁(က)(အလွန်မြင့်) |
| ၆ | စူမိသီယွန် ၅၀ အီးစီ | အလယ်အလတ် | ၁၀ | ၂(အလယ်အလတ်) |
| ၇ | ဒိုင်ယာဇီနွန် ၄၀ အီးစီ | အလယ်အလတ် | ၉ | ၂(အလယ်အလတ်) |
| ၈ | အီးပီအင်န် ၄၅ အီးစီ | အလွန်မြင့် | ၇ | ၁(က)(အလွန်မြင့်) |
| ၉ | ပါဒါန် ၅၀ အက်စ်ပီ | အလယ်အလတ် | ၆ | ၂(အလယ်အလတ်) |
| ၁၀ | အယ်လ်ဆန် ၅၀ အီးစီ | အလယ်အလတ် | ၅ | ၂(အလယ်အလတ်) |
| ၁၁ | ကီတာဇင် ၄၀ အီးစီ | အလယ်အလတ် | ၃ | ၂(အလယ်အလတ်) |

အဆိုပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ဒီဒီတီ၊ လင်းဒိန်းနှင့် အင်ဒရင်း ပိုးသတ်ဆေးများသည် ငါးများအပေါ် အဆိပ်သင့်မှု အလွန်မြင့်မားပြီး ရေထဲ၌ ဆေးကြွင်းအာနိသင်အချိန်ကာလ အလွန်ရှည်ကြာသဖြင့် ရေထုထဲရှိ ငါးများအားချက်ချင်းသေစေနိုင်သည့်အပြင် တရွေ့ရွေ့နှင့် တဖြည်းဖြည်းလည်းသေဆုံးစေနိုင်ပါသည်။ ထို့အပြင် အင်ဒရင်းပိုးသတ်ဆေးသည် နို့တိုက်သတ္တဝါများအပေါ် အဆိပ်အတောက်သင့်မှု အလွန်မြင့်မားကြောင်း တွေ့ရှိရပါသည်။ အီးပီအင်န် ပိုးသတ်ဆေးမှာလည်း ငါးများအပေါ် အဆိပ်သင့်မှု အလွန်မြင့်မားပြီး လူနှင့် နို့တိုက်သတ္တဝါများအပေါ်ဘေးဥပါဒ်အန္တရာယ်ပေးမှုအလွန်မြင့်မားကြောင်း တွေ့ရှိရပါသည်။

ထို့ဖြစ်ပါ၍ ဒီဒီတီ၊ လင်ဒိန်း၊ အင်ဒရင်းနှင့် အီးပီအင်န် ပိုးသတ်ဆေးများကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း သုံးစွဲခြင်းမပြုရန် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ ၁-၈-၉၆ နေ့စွဲပါ စာအမှတ် ၁/၉၆ ဖြင့်ပိတ်ပင်တားမြစ်ခဲ့ပါသည်။ ၎င်းအပြင်နို့တိုက်သတ္တဝါများအပေါ် ဘေးဥပါဒ် အန္တရာယ်ပေးမှု အလွန်မြင့်မားသည့် ပိုးသတ်ဆေး အုပ်စု ၁(က) တွင် ပါဝင်သော သီးနှံစိုက်ခင်းသုံးပိုးသတ်ဆေးများမှတ်ပုံတင်ခွင့်ပြုခြင်းကို ပြန်လည် စိစစ်သုံးသပ်ရန် ပိုးသတ်ဆေးနည်းပညာရပ်ကော်မတီသို့ တာဝန်ပေးဆောင်ရွက်စေခဲ့ပါသည်။ စိစစ် သုံးသပ်တွေ့ရှိချက်အရ အဆိပ်အတောက် အလွန်မြင့်မားသည့် ပိုးသတ်ဆေးများကို မှတ်ပုံတင်ခွင့်ပြုခြင်းမှ ပြန်လည် ရုပ်သိမ်းပြီး မြန်မာနိုင်ငံအတွင်း သုံးစွဲခြင်းမပြုရန် အမိန့်ကြော်ငြာစာဖြင့် ပိတ်ပင် တားမြစ်ခဲ့ပါသည်။

## ပိုးသတ်ဆေးများအသုံးပြု၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်ရန် ဇီဝနည်း**(Biological Control)** ဖြင့် သီးနှံ ကာကွယ်ရေးနည်းစနစ်ကိုအသုံးပြုလာခြင်း

လူတို့ စားသုံးနေသော သီးနှံပင်များတွင် သီးနှံဖျက်ပိုးများကို ဘက်စုံသီးနှံပိုးမွှား ကာကွယ်ရေးစနစ် **(IPM, Integrated Pest Management)** ဖြင့်ကာကွယ်နှိမ်နင်းလျက်ရှိပါသည်။ ယင်းစနစ်ထဲတွင် ဖျက်ပိုးများအား ပြန်လည် စားပစ်သည့် သားရဲကောင်များ **(Predators)**၊ ကပ်ပါးများ **(Parasites)** ၊ရောဂါများ**(Pathogen)**ကို အသုံးပြုနှိမ်နင်းသည့် **(Biological Control)** ဇီဝနည်းဖြင့် သီးနှံကာကွယ်ရေး နည်းစနစ်သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ယင်းနည်းစနစ်တွင် ပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲခြင်း မရှိ၍ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျော့နည်းစေပါသည်။ ခေတ်မီ ကာကွယ်နှိမ်နင်းရေးနည်းတစ်ခုမှာ ဖျက်ပိုးများကို ဂမ်မာရောင်ခြည် ပေးကာ၊ မြုံစေခြင်းဖြင့် ဖျက်ပိုးဦးရေကို လျော့နည်းစေခြင်းပင်ဖြစ်ပါသည်။

ကျန်းမာရေးအတွက် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်း ရန် ဒီဒီတီကို ခြင်များပေါက်ပွားရာ ရေထုထဲသို့ ပက်ဖျန်းခြင်းမပြုဘဲ ခြင်စားငါးများ ထည့်သွင်းပေးခြင်းဖြင့် ခြင်များကို နှိမ်နင်းနိုင်ပါသည်။ အလားတူပင် ရေမှော်များပြားစွာ ပေါက်ပွားနေသော ရေကန်ထဲသို့ ဓာတုဆေးပစ္စည်းများအသုံးပြု၍ ရှင်းလင်းခြင်းမပြုဘဲ

ပိုးသတ်ဆေးများကြောင့် ရေထုညစ်ညမ်းမှုနှင့် သက်ရှိတို့၏ အန္တရာယ်ကို ကာကွယ်ရန် ဆောင်ရွက်ရမည့်နည်းလမ်းများ

ပိုးသတ်ဆေးများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းကာ သက်ရှိများ ဘေးဥပါဒ် အန္တရာယ် မဖြစ်စေရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။

၁။ ရေသတ္တဝါများနှင့် နို့တိုက်သတ္တဝါများအပေါ် အဆိပ်အတောက်အလွန်မြင့်မားသည့် ပိုးသတ်ဆေးများကို လက်ဝယ်ထားရှိခြင်းနှင့် သုံးစွဲခြင်း မပြုလုပ်ရန် ဂရုစိုက်ရပါမည်။

၂။ အလယ်အလတ် အဆိပ်အတောက် ရှိသော ပိုးသတ်ဆေးများကို သီးနှံ ကာကွယ်ရေး၌ သုံးစွဲရာတွင် ပက်ဖျန်းရန် သတ်မှတ်ထားသည့် နှုန်းထားအတိုင်းအတိအကျဆောင်ရွက်ရန် နှင့် လိုအပ်သည်ထက်ပိုမို ပက်ဖျန်းခြင်းမျိုးမပြုလုပ်မိရန် အထူးသတိပြုရပါမည်။

၃။ရေသတ္တဝါများရှိရာ ပတ်ဝန်းကျင်ရေထုထဲသို့ ပိုးသတ်ဆေးများ မည်သည့်နည်းနှင့်မျှ မရောက်ရှိစေရန်အတွက် ဂရုပြုရန်လိုအပ်ပါသည်။

၄။ ပိုးသတ်ဆေး အဆိပ်မိ၍ သေဆုံးသည်ဟု ယူဆရသော ရေသတ္တဝါ၊ ကုန်းသတ္တဝါများကို စားသုံးခြင်း မပြုရန်လိုအပ်ပါသည်။

၅။ပိုးသတ်ဆေးကြွင်းများရှိမည့် အသီးအနှံများကိုလည်း မစားသုံးမိရန် အထူးဂရုစိုက်ရပါမည်။

၆။ပိုးသတ်ဆေး ပက်ဖျန်းစဉ် ပျံ့နှံ့လာသော ပိုးသတ်ဆေးငွေ့များပါသောလေကို မရှူရှိုက်မိရန် အကာအကွယ်များ စီမံဆောင်ရွက်ထားရပါမည်။

၇။ပိုးသတ်ဆေးအသုံးပြုသူများသည်ပိုးသတ်ဆေးများကိုလက်ဖြင့် တိုက်ရိုက် ထိတွေ့ခြင်းမပြုသင့်ပါ။ အတော်တဆမိမိခန္ဓာကိုယ်ပေါ်သို့ ပိုးသတ်ဆေးများ ဖိတ်စဉ် ကျရောက်ပါက အမြန်ဆုံးစင်ကြယ်အောင် ဆေးကြောသန့်ရှင်းမှု ပြုလုပ်ရမည်။

၈။ပိုးသတ်ဆေး အသုံးပြု သူများသည် ပိုးသတ်ဆေးဘူး၌ ဖော်ပြထားသည့် ညွှန်ကြားချက်များအတိုင်း အတိအကျ ဆောင်ရွက်ရပါမည်။

၉။ပိုးသတ်ဆေး ထုတ်ဝေ ရောင်းချ တင်သွင်းသူများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရမှ ပြဋ္ဌာန်းထားသော ပိုးသတ်ဆေးဥပဒေများအတိုင်း အတိအကျ လိုက်နာ ဆောင်ရွက်ကြရပါမည်။

ဖော်ပြပါ အချက်အလက်များအတိုင်း လိုက်နာ ဆောင်ရွက်သွားကြမည် ဆိုပါက ပိုးသတ်ဆေးများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်းဘေးမှ ကင်းဝေးပြီး လူနှင့် ပတ်ဝန်းကျင်ရှိ သက်ရှိ သတ္တဝါများ၏ အသက်အန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

ပါမောက္ခကျော်မြင့်ဦး
ပါမောက္ခချုပ်
ဒဂုံတက္ကသိုလ်